ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

လူထုဗဟိုပြုစီမံကိန်း၊ ဒီးမော့ဆိုမြို့နယ်
National Community Driven Development Project
**NCDDP**

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်



ဝါသောခိုရွာဟောင်းကျေးရွာ၊ မြလဲကျေးရွာအုပ်စု

ဒီးမော့ဆိုမြို့နယ်

၂၀၁၈ ခုနှစ်


# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## ဝါသောခိုရွာဟောင်းကျေးရွာ၊ မြလဲကျေးရွာအုပ်စု


### မာတိကာ


ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ..........၁
မြလဲကျေးရွာအုပ်စုမြေပုံ..........၂
မြလဲကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း..........၃
ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ..........၄
လူမှုရေးနှင့် အရင်အမြစ်ပြမြေပုံ သုံးသပ်ချက်..........၄
ကျေးရွာသမိုင်းအကျဉ်းချုပ်..........၅
ဥစ္စာဓန ကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း..........၆
ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း သုံးသပ်ချက်..........၇
ကျား/မ ပင့်ကူအိမ်..........၈
ကျား/မ ပင့်ကူအိမ် သုံးသပ်ချက်..........၉
အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ..........၁၀
အဖွဲ့အစည်းချိတ်ဆက်မှုပြမြေပုံ သုံးသပ်ချက်..........၁၁
ရာသီခွင်ပြ ပြက္ခဒိန်..........၁၂
ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက်..........၁၃
ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ စာရင်း/ဓာတ်ပုံ..........၁၄
ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ..........၁၅
ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ (PC-1)..........၁၆
ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား (PC-2)..........၁၉
ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-3)..........၂၀
နောက်ဆက်တွဲ၊ ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ(၄)..........၂၁
ကျေးရွာအစည်းအဝေးမှတ်တမ်းများ..........၂၂
လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်/အကဲဖြတ်ခြင်း လုပ်ငန်းစဉ်အကျဉ်းချုပ်..........၂၃

## ဒီးမော့ဆိုမြို့နယ် အခြေပြမြေပုံ



# မြလဲကျေးရွာအုပ်စုမြေပုံ


မြလဲကျေးရွာအုပ်စုမြေပုံ
မြောက်
တောင်
အရှေ့
အနောက်
ကျေးရွာ
အုပ်စုကျေးရွာ
ရေထွက်ပေါက်
လမ်း
နန်းစံဖူးရေချောင်း
နန်းစံဖူးရေထွက်ပေါက်
ဆီးမီဆိုဒါး
ဆီးပူတုန်
မြလဲ
ဆိုလဖဲခို
လိုဘောခို
လော်ခိုသာ
စီစန်ခို
ဝါသောခိုရှာဟောင်း
ထီးဆိုတော်ရှာဟောင်း
လွိုင်နန်ဖ
တေးဝေခို
ထီးဆိုတော်လယ်တု

## မြလဲကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း

| စဉ် | ကျေးရွာအမည် | အိမ်ခြေ | လူဦးရေ | | |
|---|---|---|---|---|---|
| | | | ကျား | မ | စုစုပေါင်း |
| ၁ | မြလဲ | ၇၅ | ၁၈၉ | ၁၉၃ | ၃၈၂ |
| ၂ | ဆီးမီဆိုဒါး | ၅၁ | ၁၁၅ | ၁၀၆ | ၂၃၁ |
| ၃ | ဆီးမီဆိုလား | ၂၂ | ၆၀ | ၅၅ | ၁၁၅ |
| ၄ | ဆီးပူကုန်း | ၃၀ | ၈၁ | ၈၃ | ၁၆၄ |
| ၅ | လွိုင်နန်းဖ | ၃၃ | ၉၂ | ၈၅ | ၁၇၇ |
| ၆ | ဆိုလဖဲခို | ၃၀ | ၇၃ | ၇၅ | ၁၄၈ |
| ၇ | လိုဘောခို | ၃၆ | ၉၀ | ၉၃ | ၁၈၃ |
| ၈ | လော်ခိုသာ | ၂၇ | ၇၆ | ၇၅ | ၁၅၁ |
| ၉ | စီစန်းခို | ၄၁ | ၁၁၅ | ၁၀၆ | ၂၃၁ |
| ၁၀ | တေးဂေခို | ၆၁ | ၁၆၀ | ၁၅၉ | ၃၁၉ |
| ၁၁ | ထီးလယ်ကုန်း | ၂၇ | ၇၁ | ၆၈ | ၁၃၉ |
| ၁၂ | ထီးဆော်ဒေါ်ရွာဟောင်း | ၅ | ၁၀ | ၁၂ | ၂၂ |
| ၁၃ | ဝါသောခိုရွာဟောင်း | ၃၅ | ၈၇ | ၈၄ | ၁၇၁ |
| စုစုပေါင်း | | ၄၇၃ | ၁၂၁၉ | ၁၂၁၄ | ၂၄၃၃ |

## ကျေးရွာလူမှုရေးအရင်းနှင့်အမြစ်ပြမြေပုံ



*ပါဝင်ဆွေးနွေးသူ - ကျား (၈) + မ (၁၆) = (၂၄) ဦး*

### လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်

ဝါသောခိုရွာဟောင်းကျေးရွာသည် ဒီးမောဆိုမြို့နယ်၏အနောက်ဘက် ဒီးမောဆို-တောင်ငူလမ်းမကြီးမှ ဖြာထွက်လာသော လွိုင်နန်းဖကွန်ကရစ်လမ်းရှိ လိုဘေခိုနှင့်ဆိုလဖဲခိုကျေးရွာကြား မြေသားလမ်းမှ ခရီးအကွာအဝေး(၄)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏အနောက်ဘက် တွင် ပန်ပက်ကျေးရွာသို့သွားသောမြေသားလမ်းတစ်လမ်းရှိပါသည်။ ကျေးရွာအတွင်းရှိလမ်းများ သည်လည်း မြေသားလမ်းများ ဖြစ်သည်နှင့်အညီ မိုးရာသီချိန်တွင် သွားလာရာခက်ခဲနေပါသည်။ သို့ဖြစ်၍ ကျောက်ချောလမ်းများ ပြန်လည်ခင်းပေးနိုင်ပါက သွားလာရေးအတွက်ပိုမိုအဆင်ပြေစေမည် ဖြစ်သည်။ ကျေးရွာဘေးပတ်ဝန်းကျင်တွင်လည်း သဘာဝအရင်းအမြစ်ဖြစ်သော သစ်တော၊ ဝါး တော၊ တောင်ယာခင်းနှင့် ကျောက်တောင်များရှိနေပါသည်။ ထို့ကြောင့် တောင်ယာခင်းများသည် ကျေးရွာသူ/သားများမှ လုပ်ကိုင်စားသောက်နေကြပြီး ကျောက်တောင်များသည်လည်း ကျောက် ချောလမ်းခင်းပါက ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်သည်။

လူမှုရေးအရင်းအမြစ်များမှာ မူလတန်းစာသင်ကျောင်း၊ မူကြိုကျောင်း၊ ကျေးရွာအားကစားကွင်း၊ ဆေး ပေးခန်း၊ရေသိုလှောင်ကန်နှင့်ခန်းမဆောင်များရှိနေပါသည်။ကျေးရွာရှိကျောင်းသူ/သားများသည် မူလတန်းနှင့်မူကြိုကိုကျေးရွာသို့သင်ယူနိုင်သော်လည်း အလယ်တန်းနှင့်အထက် တန်းကို လွိုင်နန်းဖကျေးရွာသို့သွားရောက်ပညာဆည်းပူးနေကြပါသည်။ ဆေးပေးခန်းအနေဖြင့်ရှိ နေသော်လည်း ခရီးအလွန်ဝေးလှန်၍ ဆေးဝါးမစုံလင်ခြင်း၊ ဆေးဆရာမများ အချိန်မရောက်ရှိလာနိုင်ခြင်းကြောင့် အရေးပေါ် ဆေး သွားရောက်ကုသလိုလျှင် လွိုင်နန်းဖကျေးရွာသို့ သွားရောက်ကုသ လေ့ရှိပါသည်။ ခန်းမဆောင်အနေဖြင့် ပွဲလမ်းသဘင်များ၊ အစည်းအဝေးများ ပြုလုပ်ကျင်းပသော နေရာများဖြစ်ပါသည်။

မှတ်တမ်းတင်သူ - ဦးတီရယ်

ကျေးရွာသမိုင်းအကျဉ်းချုပ်

ဝါသောခိုရွာဟောင်းကျေးရွာသည် ဒီးမောဆိုမြို့နယ်၊ မြလဲကျေးရွာအုပ်တွင် တည်ရှိသော ကျေးရွာတစ်ရွာ ဖြစ်ပါသည်။ ဝါသောခိုရွာဟောင်းကျေးရွာသည် ဒီးမောဆိုမြို့နယ်၏ အနောက်ဘက် ဒီးမောဆို-တောင်ငူ လမ်းမကြီးမှ ဖြာထွက်လာသော လွိုင်နန်းဖ ကွန်ကရစ်လမ်းရှိ လိုဘောခိုနှင့် ဆိုလဖဲခိုကျေးရွာကြားမြေသားလမ်းမှ ခရီးအကွာအဝေး(၄)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။


ကျေးရွာသူ/သားများအားလုံးတို့သည် ကယန်းလူမျိုးများသာနေထိုင်ကြပြီး ခရစ်ယာန်ဘာသာဝင်များဖြစ်ကြပါသည်။ လူဦးရေအာဖြင့် ကျား(၈၇)ဦး၊ မ(၈၄)ဦး ပေါင်း(၁၁၇)ဦး ရှိပြီး စုစုပေါင်းအိမ်ခြေ မှာ (၃၁)ရှိပါသည်။ လက်ရှိတွင် ကိုယ် ထူကိုယ်ထမူကြိုကျောင်းတစ်ကျောင်း၊ အစိုးရကျောင်းတစ်ကျောင်းရှိပါသည်။ ကျောင်းသူ/သားများ သည် အလယ်တန်းနှင့် အထက်တန်းပညာကို လွိုင်နန်းဖ အထက်တန်းကျောင်းသို့ သွားရောက်ပြီး ပညာသင်ယူခဲ့ရသည်။ ဝမ်းစာအခက်အခဲကြောင့် ကလေးအများစုသည် အလယ်တန်းကျောင်း ထွက်ပြီး အခြားဒေသများသို့ ကျဘမ်းအလုပ်များဖြင့် ငွေထွက်နေကြရပါသည်။

ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းရှိသည်။ ကလေးကျန်းမာရေးကို ဆရာမတစ်ဦးဖြင့်သာ ပြသခဲ့ပြီး အခြေအနေဆိုးဝါးပါက လွိုင်နန်းဖဆေးခန်း(သို့) လွိုင်ကော်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသ ခဲ့ကြရပါသည်။

အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြင့် လယ်ယာနှင့်တောင်ယာများဖြစ်ပြီး အဓိကစိုက်သီးနှံများမှာ စပါး၊ပြောင်းကောက်များဖြစ်သည်။ ဖရုံနှင့်သခွားအစိုက်ပျိုးပါသည်။

မှတ်တမ်းတင်သူ - ဦးတီရယ်

## ဥစ္စာဓနကြွယ်ဝမှု အဆင့်သတ်မှတ်ခြင်း



[illegible] ဥစ္စာဓနအဆင့် သတ်မှတ်ခြင်း ရက်စွဲ- ၆.၁၁.၂၀၁၇

| အဆင့် | စံသတ်မှတ်ချက်များ | အိမ်ခြေ | ရာခိုင်နှုန်း |
|---|---|---|---|
| A | ထော်လာဂျီ၊ [illegible]၊ နွား၊ ပျဉ်ထောင်အိမ်၊ ဆိုင်ကယ်၊ နွားချည်း၊ လယ်(၄)ဧက၊ နွား (၅)ကောင် နှင့်အထက် | ၄ | ၁၂.၅% |
| B | ဆိုင်ကယ်၊ တော်ကြက်၊ ထရံအိမ်၊ လယ် (၂)ဧက၊ နွား (၃)ကောင် | ၂၀ | ၆၂.၅% |
| C | ထရံအိမ်၊ [illegible]၊ ကြက်၊ ဝက် | ၈ | ၂၅% |
| စုစုပေါင်း | | ၃၂ | ၁၀၀% |

ပါဝင်ဆွေးနွေးသူဦးရေ ကျား - ၁၀
မ - ၉

*ပါဝင်ဆွေးနွေးသူ - ကျား (၁၀) + မ (၉) = (၁၉) ဦး*


ဝါသောခိုရွာသစ်၏ ဥစ္စာခနကြွယ်ဝမှုအဆင့်ကိုသုံးသပ်ရာတွင် အဆင့်(၃)ဆင့်ဖြင့် ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။ ၎င်းတို့မှာ အဆင့်(A)အဆင်ပြေသောအုပ်စု၊ အဆင့်(B)အလယ်အလတ်အုပ်စုနှင့် အဆင့်(C)အဆင်းမပြေသောအုပ်စုဟူ၍ ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

အဆင်ပြေသောအုပ်စု၏ အဓိကအလုပ်အကိုင်မှာ လယ်ယာစိုက်ပျိုးခြင်းများဖြစ်ပြီးလယ်ယာစိုက်ပျိုးချိန်တွင်လုပ်သားငှားရမ်းခေါ်ယူခြင်း၊အရင်းအမြစ်များထည့်ဝင်သုံးစွဲနိုင်ခြင်းကြောင့် ဝင်ငွေများပိုမိုတိုးစေပြီး စားဝတ်နေရေးအတွက်ပိုမိုအဆင်ပြေစေပါသည်။ အလယ်အလတ်အုပ်စု များသည် လယ်ယာများ လုပ်ကိုင်စားသောက်ကြသော်လည်း လယ်ယာပိုင်ဆိုင်မှု အားနည်းခြင်းကြောင့် လုပ်သားငှားမှုအားနည်းခြင်းဖြင့် တစ်နှစ်တာဝင်ငွေရှိမှုမှာ တစ်နှစ်တာစားသုံးမှုသာ လုံလောက်နေပါသည်။ ဆင်းရဲသော အိမ်ထောင်စုများသည် လယ်ယာမြေ များပိုင်ဆိုင်မှုမရှိ၍ ကျေးရွာအတွင်းရှိ အဆင်ပြေသောအိမ်စုထံမှ အလုပ်များသောကာလတွင် နေ့စားလိုက်ခြင်း၊ အလုပ်မရှိသောကာလတွင် အချို့မိသားစုဝင်တို့သည် ကျေးရွာပြင်ပမှ ရုံဖန်ရံခါ ခေါ်သောအလုပ်တွင် သွားရောက်လုပ်ကိုင်စားသောက်ကြပါပြီးထိုသူတို့၏ တစ်နှစ်တာဝင်ငွေများ မှာအနည်းငယ်သာရရှိနေပါသည်။

ထိုကြောင့် ဥစ္စာခနကြွယ်ဝမှုကိုသုံးသပ်ရာတွင် ကျေးရွာတွင်းအဆင်မပြေသောအိမ်ထောင်စုများသည် အလုပ်အကိုင်အခွင့်အလမ်းအားနည်းခြင်း ၊အလုပ်အကိုင်ရှိသော်လည်းလုပ်အားခအားနည်းခြင်းကြောင့် ဝင်ငွေရရှိမှုမှာလည်းအားနည်းနေသည်ကိုတွေ့ရှိရပြီး အခြားပြင်ပအဖွဲ့အစည်းများမှ ကျေးရွာအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်းသီးပေးခြင်း၊ ထိုသူတို့ကို အသက်မွေးနိုင်သောပညာ တစ်စုံတစ်ခုများ ပေးနိုင်ခြင်းဖြင့် စားဝတ်နေရေးအတွက် အဆင်ပြေလာသော ကျေးရွာတစ်ရွာဖြစ်လာမည်ဟု သုံးသပ်ရရှိပါသည်။

မှတ်တမ်းတင်သူ - ဦးတီရယ်

ကျား/မ ပင့်ကူအိမ်




*ပါဝင်ဆွေးနွေးသူ - ကျား (၈) + မ (၁၆) = (၂၄) ဦး*

ဝါသောခိုရွာဟောင်းကျေးရွာရှိ အမျိုးသားနှင့်အမျိုးသမီးများ နှိုင်းယှဉ်ကြည့်လျှင် ကွာခြားမှု ရှိနေသည်ကို ပင့်ကူအိမ်သုံးသပ်ချက်တွင် တွေ့ရှိရမည်ဖြစ်ပါသည်။

ပညာသင်ကြားခွင့်တွင် အမျိုးသမီးများသည် အမျိုးသားလောက် အခွင့်အရေးမရှိပေ။ အမျိုးသမီးအနေဖြင့် အိမ်တွင်းတွင်သာ အလုပ်ပိုများကြသောကြောင့် ဖြစ်သည်။ အမျိုးသားများ သည် ပညာသင်ကြားခွင့်ရှိသော်လည်း အချို့မိသားစုများသည် ငွေရေးကြေးရေးမတတ်နိုင်ခြင်း (သို့) ကျောင်းတက်ရန်စိတ်မဝင်စားခြင်းဖြစ်သည် ဟု ကျေးရွာလူထုများက ဆွေးနွေးကြပါသည်။


အမွေရပိုင်ခွင့်တွင် ကယန်းလူမျိုးများ၏ထုံးတမ်းဓလေ့အရ အမျိုးသားများကိုသာ ပိုမိုပေး လေ့ရှိကြပါသည်။ ထိုကြောင့်အမျိုးသမီးအမွေရပိုင်ခွင့်အားနည်းနေရခြင်းဖြစ်ပါသည်။ ကျေးရွာအ တွင်းရှိအမျိုးသမီးများသည် လည်းအိမ်မှုကိစ္စများကို ပိုမိုလုပ်ဆောင်သည့်အတွက် ပြင်ပအလုပ် လုပ်ချိန်အားနည်းခြင်း၊အခြားအသိပညာဗဟုသုတအားနည်းခြင်း စသည့်အခွင့်အရေးများဆုံးရှုံးများ ရှိနေပါသည်။ထို့ကြောင့်အလုပ်အကိုင် အခွင့်အလမ်းအနေဖြင့် အမျိုးသမီးများသည် အမျိုးသား များထည့်လျော့နည်းနေပြီး ဝင်ငွေရရှိမှုမှာလည်းလျော့နည်းနေပါသည်။

ကျေးရွာတွင် အမျိုးသားများသည် အမျိုးသမီးများထည့်လုံခြုံမှုရှိနေသည် ကိုတွေ့ရပါသည်။ ကျေးရွာတွင်းတွင် လုံခြုံမှုရှိသော်လည်း ကျေးရွာပြင်ပတွင် လုံခြုံမှုမရှိသည်ကိုတွေ့ရပါသည်။ ကျေး ရွာတွင်လည်း အမျိုးသားများသာ ပို၍ ဦးဆောင်ပြီး ဆုံးဖြတ်ကြသည်ကို တွေ့ရသည်။ အမျိုးသမီး များအနေဖြင့် ဆုံးဖြတ်ချက်ချမည့်နေရာမျိုးတွင် အားနည်းနေသေးသည်။

ထို့ကြောင့် ဝါသောခိုရွာဟောင်း၏ပင့်ကူအိမ်ကို သုံးသပ်ရာတွင် အမျိုးသမီးများသည် အိမ်မှုကိစ္စတွင်သာ အားသာနေပြီး ကျန်အပိုင်းအတွက် နောက်သို့ကျန်နေသေးသည် ကိုတွေ့ရှိရ ပြီး အမျိုးသားများအနေဖြင့် အမျိုးသမီးများကို လက်တွဲခေါ်ရန်များစွာ လိုအပ်နေသေးကြောင့် သုံး သပ်ရရှိပါသည်။

မှတ်တမ်းတင်သူ - ဦးတီရယ်

အဖွဲ့အစည်းချိတ်ဆက်မှုပြ မြေပုံ



ပါဝင်ဆွေးနွေးသူ  - ကျား (၈) + မ (၁၆) = (၂၄) ဦး

ဝါသောခိုရွာဟောင်းကျေးရွာတွင် အဖွဲ့အစည်းများကျေးရွာတွင်းသာမက ကျေးရွာပြင်ပ ပါအချင်းချင်းချိတ်ဆက်နေသည်ကိုတွေ့ရှိရပါသည်။ အဓိကအမျိုးအစားအနေဖြင့် (၄)မျိုးရှိမည်ဖြစ် ပြီး၄င်းတို့မှာ အုပ်ချုပ်ရေး၊ ပညာရေး၊ဘာသာရေးနှင့် ဖွံ့ဖြိုးရေးအဖွဲ့များဖြစ်ပါသည်။

ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့သည် ကျေးရွာအတွက်အဓိကအရေးကြီးသောနေရာတွင် ရှိပြီး ကျေးရွာမှပေါ်လာသမျှသောကိစ္စရပ်များအားလုံးကို တာဝန်ယူဖြေရှင်းပေးသည် သာမက အခြားအ ဖွဲ့အစည်းနှင့်ကျေးရွာအကြားအဓိချတ်ဆက် ဆက်သွယ်ပေးသောအဖွဲ့ဖြစ်ပါသည်။ကျေးရွာတွင်း တွင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အတွင်းရေးမှူး၊ဆယ်အိမ်မှူးများရှိနေပါသည်။

ဘာသာရေးအဖွဲ့ဟုဆိုရာတွင် အသင်းတော်ကော်မတီ၊အမျိုးသမီးအဖွဲ့ ၊အမျိုးသားအဖွဲ့၊လူ ငယ်အဖွဲ့နှင့် သူငယ်အဖွဲ့များဖြစ်ပြီးအဖွဲ့အသီးသီးတို့၏ခေါင်းဆောင်တို့သည် ဘာသာရေးတိုးတက် စေရေးနှင့်ယာဉ်ကျေးလိမ္မာစေရေးအတွက်အ ရေးပါသောခေါင်းဆောင်များဖြစ်ပါသည်။

ဖွံ့ဖြိုးရေးအဖွဲ့ဖြစ်သော ရေရရှိရေးကော်မတီ၊MDG အဖွဲ့၊မွေးမြူရေးကော်မတီ၊ဆေးပေးခန်း ကော်မတီနှင့်လူထုဖဟိုပြုကော်မတီတို့သည် ကျေးရွာဖွံ့တိုးတက်ရေးအတွက် အဓိကဦးဆောင် ဆောင်ရွက်ပေးသောအဖွဲ့များဖြစ်ပါသည်။ထိုအဖွဲ့များသည် ကျေးရွာအုပ်ချုပ်ရေးမှူးမှ တစ်ဆင့် အဓိကချိတ်ဆက်လေ့ရှိပါသည်။ ပညာရေးအဖွဲ့အနေဖြင့် ပညာရေးကော်မတီနှင့် မူကြိုကော်မတီ များသည် ကလေးသူငယ်ပညာရေးနှင့် အသိပညာဗဟုတိုးတက်ရေးအတွက် အဓိကဦးဆောင် ဆောင်ရွက်ပေးသောအဖွဲ့ဖြစ်သည်။

မှတ်တမ်းတင်သူ - ဦးတီရယ်

ရာသီခွင်ပြ ပြက္ခဒိန်



ပါဝင်ဆွေးနွေးသူ -  ကျား (၈) + မ (၁၆) = (၂၄) ဦး

## ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက်

ဝါသောခိုရွာဟောင်းကျေးရွာ၏ ရာသီခွင်ပြ ဇယားအရ လအလိုက် ကျေးရွာသည် အလုပ်များနေကြသည်ကို တွေ့ရမည်ဖြစ်သည်။

ဝါသောခိုရွာဟောင်းကျေးရွာသည် အဓိကဆန်စပါးကိုလုပ်ကိုင်စားသောက်ကြပြီး ပြောင်းကောက်၊ပြောင်းဖူးနှင့်အခြားသီးနှံများကိုလည်းစိုက်ပျိုးကြပါသည်။ မေလမှ စ၍စက်တင်ဘာလအထိလယ်ယာများစိုက်ပျိုးကြပြီး အောက်တိုဘာလမှ ဒီဇင်ဘာလအထိ ရိတ်သိမ်းကြသည်။

ကျေးရွာတွင်းတွင် လမ်းများအားလုံးမြေသားလမ်းများဖြစ်သည့်အတွက် မိုးရာသီတွင်သွားလာရေးခက်ခဲနေသည်ကိုတွေ့ရပါသည်။မေလမှအောက်တိုဘာလအထိ မိုးရွာသွန်းမှုကြောင့် လမ်း များ ဗွက်ရှိလာ၍ သွားလာရေးခက်ခဲနေပါသည်။ နွေရာသီတွင်လည်း ဖုန်များထူ ုသောကြောင့် သွားလာရာတွင် အဆင်မပြေမှုများဖြစ်နေပါသည်။ကျေးရွာအတွက် ရေရှားပါးချိန်သည် မတ်လနှင့်ဧပြီလဖြစ်သည်။

ကျေးရွာတွင်းတွင် ရာသီကူးပြောင်းအချိန်ဖြစ်သော မတ်လနှင့်ဧပြီလတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပြီ်း အောက်တိုဘာလနှင့်နိုဝင်ဘာလတွင် တုပ်ကွေး ရောဂါများဖြစ်ပွားလေ့ရှိသည်။

ကျေးရွာတွင် ခရစ်ယာန်ဘာသာကျင်းပလေ့ရှိသော ခရစ်စမတ်ပွဲတော်ကို ဒီဇင်ဘာလတွင်ကျင်းပပြီး ဇန်နဝါရီလတွင် နှစ်သစ်ကူးဆုတောင်းပွဲများကျင်းပလေ့ရှိပါသည်။ အုပ်စုလိုက်ကျင်းပ သောပွဲကြီးအား မတ်လနှင့် ဧပြီလတို့တွင်ရှိပါသည်။

ကျေးရွာတွင်းအချို့သောသူများသည် ကျေးရွာပြင်ပဖြစ်သော အနောက်ပဒေါင်ရွာ(သို့)မြို့ပေါ်သို့သွားရောက်အလုပ် လုပ်ကိုင်ကြပါသည်။ ထိုအချိန်သည် ဇန်နဝါရီ၊ဖေဖော်ဝါရီ၊မတ်၊ ဇူလိုင်၊ဩဂုတ်၊စက်တင်ဘာနှင့် နိုဝင်ဘာလတို့တွင် သွားလေ့ရှိပါသည်။

ရာသီဥတုအခြေအနေဖြင့် မတ်လနှင့်ဧပြီလတို့သည် တစ်ခါတစ်ရံလေပြင်းမုန်တိုင်းများတိုက်ခိုက်လေ့ရှိပါသည်။

မှတ်တမ်းတင်သူ - ဦးတီရယ်

ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီဝင်များ စာရင်း/ဓာတ်ပုံ

| စဉ် | အမည် | ကျား/မ | ရာထူး |
|---|---|---|---|
| ၁ | ဦးဒါနီယေးလာ | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဋ္ဌ |
| ၂ | ဒေါ်စေးမေထူး | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ ၊ ဥက္ကဋ္ဌ |
| ၃ | ဦးမြအေး | ကျား | ဝယ်ယူရေးဆပ်ကော်မတီ (ခေါင်းဆောင်) |
| ၄ | ဦးပီတာဝင်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ |
| ၅ | ဒေါ်နော်အယ်ဗီးရှာ | မ | ဝယ်ယူရေးဆပ်ကော်မတီ |
| ၆ | ဦးနေထူး | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ (ခေါင်းဆောင်) |
| ၇ | ဦးနေဝင်း | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၈ | ဦးမေးလို | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ |
| ၉ | ဦးစံထူး | ကျား | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၀ | ဒေါ်အယ်ဘလုစေး | မ | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၁ | ဒေါ်ကလဲဒေ | ကျား | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးဆပ်ကော်မတီ |
| ၁၂ | ဦးနေဝင်း | မ | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၃ | ဦးစောလေိယာ | ကျား | ဝေဖန်အကြံပြုကိုယ်စားလှယ် |
| ၁၄ | ဒေါ်ကျူးကျူ | မ | ကျေးရွာစာရင်းကိုင် |
| ၁၅ | ဦးဂျော့စ်မေထူး | ကျား | ကျေးရွာစေတနာ့ဝန်ထမ်း |
| ၁၆ | ဒေါ်အဲလစ်စဘက် | မ | ကျေးရွာစေတနာ့ဝန်ထမ်း |



ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ






## ပုံစံ - ၁။ ကျေးရွာ အခြေခံအချက်အလက်များ (PC-၁)

လူထုဖဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာ ခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ ကောက်ခံရသည်။ ဤအချက်အလက်များကို စီမံကိန်း မိတ်ဆက်အစည်းအဝေးမတိုင်မီကောက်ခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက် များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်၊ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာအုပ်ချုပ်ရေးမှူး အမည် | ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးမြင့် | 09497250044 | ဦးတင့်ထွယ် |

| ပြည်နယ်၊တိုင်းဒေသကြီး ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု မြလဲ | ကျေးရွာ ဝါသောခိုရွာဟောင်း |
|---|---|---|---|

**က။ လူဦးရေ**

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကယန်း | ၃၅ | ဘာသာ (၁) ခရစ်ယာန် | ၃၅ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစု (၄) ------------ | | | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၁ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၇ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁) ကယန်း | ၈၇ | ၈၄ |
| လူမျိုးစု (၂) ------------ | | |
| လူမျိုးစု (၃) ------------ | | |
| လူမျိုးစု (၄) ------------ | | |
| လူမျိုးစု (၅) ------------ | | |
| အိမ်ထောင်ဦးစီး | ၃၂ | ၃ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☐ | | ဆေးရုံ | ☐ | | စေတီ | ☐ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☐ | | ဘုန်းကြီးကျောင်း | ☐ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☑ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☑ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☑ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☑ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက်<br>[illegible] | | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☑ | ☑ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☑ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား _______________ |

လူထုဖဟိုပြု စီမံကိန်း၊ စီမံကိန်းလက်စွဲ အပိုင်း - (၃) - ၂၉.၁၀.၂၀၁၆

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဖဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? — ရှိပါသည် / မရှိပါ / မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ် ၂၀၀၇ / မသိပါ

(၃) ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည် / မပြုခဲ့ပါ / မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင် ၆.၂ / မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန် --- မိနစ် ၄၀ --- ထော်လာဂျီ / မော်တော်ဆိုင်ကယ် / ခြေလျင် / လှည်း / မော်တော်ဘုတ် / အခြား ------------------

မိုးရာသီတွင်ကြာချိန် --- ၁ နာရီ --- ထော်လာဂျီ / မော်တော်ဆိုင်ကယ် / ခြေလျင် / လှည်း / မော်တော်ဘုတ် / အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ --------------------------------

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဖဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) [illegible]

(၂) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျေးရွာခေါင်းဆောင် အမည် [illegible]

လက်မှတ် [signature] နေ့စွဲ 6.11.2017

လူထုစည်းရုံးရေးမှူး အမည် [illegible]

လက်မှတ် [signature] နေ့စွဲ 6.11.2017

# ပုံစံ - ၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား (PC-၂)

ပုံစံ - စ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/ လက်တောက်နည်းပညာနည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဒိုးတဂါယ် / ဖော့ဒိုးအိမ်ပြိုး | | | |
| နေ့စွဲ ၆.၁၁.၂၀၁၇ | | စက်ဝန်းအားအမှတ်ခြစ်ပါ ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု မြလဲ | ကျေးရွာ ဝါသောခိုရွာဟောင်း |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၆.၁၁.၁၇ | ၆.၁၁.၂၀၁၇ | ၁၀ | ၉ | ၁၉ | ၁ \| ကယန်း |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၆.၁၁.၂၀၁၇ | ၆.၁၁.၂၀၁၇ | ၁၀ | ၉ | ၁၉ | ၁ \| ကယန်း |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၁၉.၁၁.၂၀၁၇ | ၁၉.၁၁.၂၀၁၇ | ၁၇ | ၁၃ | ၃၀ | ၂ \| ကယန်း၊ ကရင် |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | |

## ပုံစံ - ၃။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC-၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးတိုးယပ်

နေ့စွဲ ၆.၁၁.၂၀၁၇

စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☑ စက်ဝန်း(၃) ☐ စက်ဝန်း(၄)

ပြည်နယ်/တိုင်း ကယား | မြို့နယ် ဒီးမော့ဆို | ကျေးရွာအုပ်စု မြဲလဲ | ကျေးရွာ ဝါးသောခိုရှာပေါင်း

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | အသိပညာနည်းပါး၍ ကျေးရွာဖွံ့ဖြိုးရေးနောက်ကျခြင်း | ၁ | စားဝတ်နေရေးခက်ခဲခြင်း |
| ၂ | အစည်းအဝေးပြုလုပ်ရန်နေရာခက်ခဲခြင်း<br>လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း | ၂ | စည်းလုံးညီညွတ်မှုနည်းပါးခြင်း |
| ၃ | ကျန်းမာရေးအသိပညာနည်းပါးခြင်း | ၃ | လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း/ အစည်းအဝေးပြုလုပ်ရန်နေရာမရှိခြင်း |
| ၄ | စားဝတ်နေရေးခက်ခဲခြင်း | ၄ | ကျန်းမာရေးအသိပညာနည်းပါးခြင်း |
| ၅ | သောက်သုံးရေ ရရှိရန် ခက်ခဲခြင်း | ၅ | စိုက်ပျိုးရေးနည်းပညာ အားနည်းခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | လျှပ်စစ်မီး လင်းရောက်မည်။ | ၁ | အိမ်တိုင်းရေရရှိရောက်မည် |
| ၂ | ရွာတွင်းတံတားများကောင်းမွန်ရောက်မည် | ၂ | ရွာကြား ကျောက်ချောလမ်းရရှိရောက်မည်<br>ကျေးရွာ စည်းလုံးညီညွတ်မှုရှိရောက်မည် |
| ၃ | ပညာရေးကျောင်းဆောင်သစ်ရရှိရောက်မည် | ၃ | ရွာတွင်းရေပြွန်တံတား အဆင်ပြေရောက်မည် |
| ၄ | စားဝတ်နေရေး အဆင်ပြေရောက်မည်။ | ၄ | လျှပ်စစ်မီး ရရှိရောက်မည်။ |
| ၅ | ကျေးရွာအနီး [illegible] | ၅ | ရွာတွင်းဆက် ကျောက်ချောလမ်း ရှိလာရောက်မည်။ |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ဆန်းမဲဆောင်တိုးချဲ့ခြင်း | ကျား + မ | | ၁၇၁ |
| ၂ | ရွာတွင်းကျောက်ချောလမ်း | ကျား + မ | | ၁၇၁ |
| ၃ | ကျောင်းဆောင်သစ် | ကျား + မ | | ၁၇၁ |
| ၄ | ရေသွယ်ယူခြင်း | ကျား + မ | | ၁၇၁ |
| ၅ | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ကျွဲ/ ဝက်မွေးမြူရေးသင်တန်း | ကျား / မ | မွေးမြူရေး |
| ~~၂~~ | [illegible] | | |
| ၂ | စိုက်ပျိုးရေးနည်းပညာ သင်တန်းနှင့် အကြေးအချို့ထုတ်ပေးခြင်း | ကျား | စိုက်ပျိုးရေး |
| ၄ ၃ | အပ်ချုပ်စက်သင်တန်း | မ | အသက်မွေးဝမ်းကြောင်း |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည် မရီးစနေလာဖော ----- လက်မှတ် ----- နေ့စွဲ ၆.၁၁.၂၀၁၇

## နောက်ဆက်တွဲ(၄)၊ ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | [illegible] | ☑ မ ☑ ကျား | | – |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်း/ စီးပွားရေး | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ကျန်းမာရေးနှင့်ပညာရေး | ၁ | [illegible] | ☑ မ ☑ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ညီညွတ်ရေး | ၁ | [illegible] | ☑ မ ☑ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အခြား | ၁ | [illegible] | ☑ မ ☑ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | | | ☐ မ | | |

## ကျေးရွာအစည်းအဝေးမှတ်တမ်းများ

### ကျေးရွာစီမံကိန်းမိတ်ဆက်ခြင်းနှင့်ကျေးရွာအစီအစဉ်ရေးဆွဲခြင်းအစည်းအဝေး

တက်ရောက်သူဦးရေ - ကျား (၈) + မ (၁၆) = (၂၄) ဦး

အစည်းအဝေးမစတင်မှီ တက်ရောက်သူအမည်စာရင်းများကို ကောက်ယူခဲ့ပါသည်။ ထိုနောက်မိတ်ဆက်ခြင်းအစီအစဉ်ပြုလုပ်ခဲ့ပြီး အစည်းအဝေးအစီအစဉ်များကို တင်ပြခဲ့ပါသည်။ အစည်းအဝေးအစီအစဉ်အရ ကျေးရွာအုပ်ချုပ်ရေးမှူးမှ အဖွင့်အမှာစကားပြောကြားပြီး အစည်းအဝေး၏ ရည်ရွယ်ချက်ကို လူထုစည်းရုံးရေးမှူး ဦးတီရယ်မှတင်ပြခဲ့ပါသည်။ ထို့နောက် လူထုစည်းရုံးရေးမှူး မှ ကော်မတီများ၏ တာဝန်နှင့်ဝတ္တရားများကိုရှင်းပြပြီး ၂၀၁၇ခုနှစ်တွင် တာဝန်ထမ်းဆောင် ခဲ့သော ကော်မတီများအားလုံးတို့ကို ကျေးရွာလူထုထံမှ သဘောတူညီချက်အရ ကန့်ကွက်ခြင်းမရှိပါသဖြင့် ယခင်နှစ်ကော်မတီများကို ဆက်လက်ခန့်အပ်ရန်နှင့် ခရီးလွန်သွားသူများကို ပြန်လည်အစားထိုးခဲ့ပါသည်။

ဆက်လက်ပြီး လူထုစည်းရုံးရေးမှူးဦးနေဒီထူးမှ PRAတစ်ခုချင်းစီ၏ ရည်ရွှာချက်များကို ရှင်းပြခဲ့ပါသည်။ ထိုနောက် PRAတစ်ခုချင်းစီကို အဖွဲ့လိုက် ဆွေးနွေးပြုလုပ်ကြပြီး တင်ပြဆွေးနွေးခဲ့ပါသည်။ ထို တင်ပြဆွေးနွေးချက်များ အားလုံးတို့ကို လူထုစည်းရုံးရေးမှူးဦးတီရယ် မှ ပြန်လည်အနှစ်ချုပ်ပေးခဲ့ပါသည်။ ထို့နောက်ကျေးရွာ၏အခက်အခဲပြဿနာနှင့် နောင်လာမည် (၅)နှစ်မျှော်မှန်းချက်တို့ကို ဆွေးနွေတင်ပြခဲ့ပါသည်။

ဆက်လက်ပြီး စီမံကိန်းနှင့် အကျုံးဝင်၊ မကျုံးမဝင်များတို့ကို လက်ထောက်နည်းပညာမှူး ဒေါ်မိုးအိငြိမ်းမှ ဆွေးနွေးတင်ပြခဲ့ပါသည်။ ထိုနောက် ကျေးရွာလူထုများမှ ဦးစားပေးလုပ်ငန်းများကို အများသဘောတူညီချက်ဖြင့် အစဉ်လိုက်ရွေးချယ်ခဲ့ကြပါသည်။ ဆက်လက်ပြီး ဝေဖန်အကြံပြုတိုင်ကြားဖြေရှင်းရေး နှင့်ပတ်သက်၍ လူထုစည်းရုံးရေးမှူး ဦးတီရယ်မှ ရှင်းလင်းတင်ပြခဲ့ပြီး ကျေးရွာစီထောက်ဥက္ကဋ္ဌမှ တက်ရောက်သူများ အားလုံးတို့ကို ကျေးဇူးတင်စကားများ ပြောကြားပြီး အစည်းအဝေးအစီအစဉ်ကို ရုတ်သိမ်းလိုက်ပါသည်။

အစည်းအဝေးမှတ်တမ်းတင်သူ - ဦးတီရယ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၁ | ကျေးရွာလူမှုရေးပြသယံဇာတပြမြေပုံ (Socila map/ Resources Map) | ၆-၁၁ ၂၀၁၇ | ရပ်မိရက်ဖ၊ ကော်မတီဝင်၊ ကျေးရွာလူထု များအားလုံး | ၈ | ၁၆ | ၂၄ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦများ၊ လုပ်ပန်းဆက်သွယ်ရေးအခြေ အနေ၊ လယ်ယာမြေများ၊ ရေထွက်ပေါက်၊ ရေလှောင် ကန်၊ သစ်တောများ |
| ၂ | လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း (Wealth Ranking) | ၆-၁၁ ၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ | ၈ | ၁၆ | ၂၄ | ကျေးရွာလူမှုစီးပွားရေးကို အုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက်အခြေခံစံနှုန်းများ သတ်မှတ်ရန် အများလူထုသဘောတူသတ်မှတ်ခြင်း |
| ၃ | ကျား/မရေးရာ ကဏ္ဍ (Access Mapping) | ၆-၁၁ ၂၀၁၇ | ကျေးရွာအတွင်းရှိ အမျိုးသားနှင့် အမျိုးသမီးများ | ၈ | ၁၆ | ၂၄ | ကျေးရွာအတွင်းရှိအရင်းအမြစ်၊ ပိုင်ဆိုင်မှု၊ အခြေခံအဆောက်အ ဦးစသောလုပ်ငန်းများကို ဘယ်သူတွေက အသုံးပြု၊ ထိမ်းချုပ်နေသလဲဆိုတာကို ဆွေးနွေးမှုများ ပြုလုပ်ခြင်း |
| ၄ | ပင့်ကူအိမ် ကွန်ယက် (Spider Web) | ၆-၁၁ ၂၀၁၇ | အမျိုးသားများနှင့် အမျိုးသမီးများ၊ ကျေးရွာလူထု | ၈ | ၁၆ | ၂၄ | အမျိုးသားများနှင့်အမျိုးသမီးများ တန်းတူအခွင့်အရေးရရှိမှုနှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၅ | အဖွဲ့အစည်း ချိတ်ဆက်ပုံ (Venn Diagram) | ၆-၁၁ ၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ ကျေးရွာစီထောက်အဖွဲ့၊ ကျေးရွာလူထု | ၈ | ၁၆ | ၂၄ | ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များ ချိတ်ဆက်လုပ်ကိုင်မှုရှိခြင်း |
| ၆ | ရာသီခွင်ပြ ပြက္ခဒိန် (Seasonal Calender) | ၆-၁၁ ၂၀၁၇ | ကော်မတီဝင်များ၊ အမျိုးသမီး/သားဆင်းရဲနွမ်းပါးသူ | ၈ | ၁၆ | ၂၄ | စိုက်ပျိုးရိတ်သိမ်းကာလ (တောင်ယာ၊လယ်ယာ)၊ စီးပွားရေး/ငွေရှာ (အရောင်းအဝယ်)၊ ပွဲတော်ချိန်၊ မိုးများကာလ၊ ကျန်းမာရေးဆိုးကာလ၊ ဝင်ငွေအကောင်းဆုံး ကာလ၊ အလုပ်ပါးကာလ၊ ရေရှားကာလ |

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူများ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပ | |
| ၇ | အခက်အခဲ/ပြဿနာ (Problem) | ၆-၁၁ ၂၀၁၇ | အမျိုးသမီး/သား၊ လူထုအားလုံး | ၈ | ၁၆ | ၂၄ | ငွေကြေးအရင်းအနှီးမရှိ၊ လမ်းပန်းဆက်သွယ်ရေး၊ မီးလင်းရေး ရေလုံလောက်မှုမရှိ ဖုန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ စည်းလုံးခြင်းမရှိ။ |
| ၈ | ကျေးရွာ၏( ၄ )နှစ်စာ မျှော်မှန်းချက်များ (Village visions) | ၆-၁၁ ၂၀၁၇ | ကျေးရွာလူထု အားလုံး | ၈ | ၁၆ | ၂၄ | စီးပွားရေးပိုမိုကောင်းမွန်လာရန်၊ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ဘာသာရေး ပိုမိုကောင်းမွန်လာ၊ ကျေးရွာစည်းလုံးခြင်း ပိုမိုကောင်းမွန်လာ၊ စားဝတ်နေရေးပိုမိုအဆင်ပြေလာ |
| ၉ | ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ (Village Approve Vision) | ၆-၁၁ ၂၀၁၇ | ရွာလူထု အားလုံး | ၈ | ၁၆ | ၂၄ | လမ်း(ကတ္တရာ)၊ မီး(လျှပ်စစ်မီး)၊ ခန်းမဆောင်၊ ရေလှောင်ကန်၊ ရေငုတ်/ပိုက်၊ စာသင်ကျောင်း တိုးချဲ့ |
| ၁၀ | ကျေးရွာဦးစားပေး လုပ်ငန်းစဉ်များ (Village Object Vision) | ၆-၁၁ ၂၀၁၇ | ရွာလူထု အားလုံး | ၈ | ၁၆ | ၂၄ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အဆင့် သတ်မှတ်ခြင်း၊ တိုင်းတာခြင်း၊ ခန့်မှန်းကုန်ကျငွေ တွက်ချက်ခြင်း၊ အကျိုးခံစားခွင့် ရှိသူလူဦးရေ |
| ၁၁ | ကျေးရွာသမိုင်း အကျဉ်းချုပ် (Village History) | ၆-၁၁ ၂၀၁၇ | အမျိုးသမီး/သား၊ လူထုအားလုံး | ၈ | ၁၆ | ၂၄ | ကျေးရွာစတင် တည်ထောင်သည့် ခုနှစ်၊ အိမ်ခြေ၊ လူဦးရေ၊ လူမျိုး၊ ဘာသာစသော ကျေးရွာသမိုင်း အချက်အလက် အဆင့်ဆင့်များ ကို ဖော်ထုတ်ခြင်း |